# အဖွင့်မိတ်ဆက်

ပရော်ဖက်ရှင်နယ် ဘောလုံးသမားတစ်ယောက် ဖြစ်ရမယ်ဆိုပြီး ရည်ရွယ်ခဲ့တာမျိုးတော့ မရှိခဲ့ပါဘူး။ အနာဂတ်မှာ ဘောလုံးကို စူးသွပ်ခုံမင်တဲ့ လူငယ်လေးတစ်ယောက် ဖြစ်လာမယ်ဆိုတာမျိုး ကျွန်တော် နည်းနည်းလေးမှတောင် မတွေးမိခဲ့ဘူး။ ယူနိုက်တက်အသင်းနဲ့ လက်မှတ်ထိုး ဖြစ်ခဲ့တယ်ဆိုပေမယ့်လည်း ပထမအသင်းကို စောစောစီးစီး ခေါ်ယူခံရလိမ့်မယ်ဆိုတာမျိုး စိတ်ကူးထဲမှာတောင် မတွေးကြည့်ဖူးဘူး။ သေချာတာတစ်ခုကတော့ ကျွန်တော် မြတ်နိုးလာတဲ့ ဒီအသင်းမှာ အစွမ်းပြခွင့် ရလိမ့်မယ်လို့ကို ကျွန်တော် တစ်ခါမှ မတွေးကြည့်ဖူးပါဘူး။

ဒါပေမဲ့ ဒါတွေ တကယ်ဖြစ်လာခဲ့တယ်။ ပထမအသင်းကို အစောကြီး အခေါ်ခံရတယ်။ ခေါ်ယူခံရတာနဲ့အတူ အစွမ်းပြခွင့်လည်း ရလာတယ်။ ကျွန်တော် စခေါ်ယူခံရတုန်းက ကျွန်တော်တို့အသင်းက လိဂ်ဖလားကို ရခဲ့တယ်။ နောက်တော့ လိဂ်ဖလားကို ပရီးမီးယားလိဂ်ဆိုပြီး ပြောင်းလိုက်ကြတယ်။ ပြီးတော့ ကျွန်တော့်အသက် ၂၁ နှစ် မပြည့်ခင်မှာဘဲ ကျွန်တော်တို့အသင်းဟာ လိဂ်ဖလားရော အက်ဖ်အေဖလားပါ တစ်ပြိုင်တည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အမှန်တိုင်း ဝန်ခံရရင်တော့ အဲဒီအရွယ်အထိ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိသေးတဲ့ လူငယ်တစ်ယောက် မဟုတ်ခဲ့ပါဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း အောင်မြင်မယ့် လူတစ်ယောက်ဖြစ်လာမယ်လို့ လုံးဝ မတွေးမိပါဘူး။ ဒါပေမဲ့ အချိန်တစ်ခုကို ရောက်တဲ့အချိန်မှာတော့ ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်လာတယ်။ ကျွန်တော့်မှာရှိတဲ့ ပါရမီတွေနဲ့ အကောင်းဆုံး စွမ်းဆောင်နိုင်လိမ့်မယ်ဆိုတာကို အခိုင်အမာ ယုံကြည်လာတယ်။ နောက်ဆုံးရလဒ်ကတော့ ကျွန်တော် မျှော်မှန်းထားတဲ့အတိုင်း ကလပ်တစ်ခုတည်းမှာပဲ ဆယ်စုနှစ် နှစ်စုကို အောင်မြင်စွာ ဖြတ်သန်းလာနိုင်ခဲ့ပြီလေ။

ဒီကာလအတောအတွင်းမှာ ကမ္ဘာ့အဆင့်ရှိတဲ့ ကစားသမားကောင်း မြောက်မြားစွာနဲ့ လက်တွဲကစားခွင့် ရခဲ့ပါတယ်။ ပြီးတော့ လူတွေက ကျွန်တော့်ကို မကြာခဏဆိုသလိုပဲ မေးတတ်ကြတယ်။ ခင်ဗျားနဲ့ တွဲကစားခဲ့ဖူးတဲ့ ကစားသမားတွေထဲမှာ ဘယ်သူက အကောင်းဆုံးလဲတဲ့။ သေချာတာတော့ ပေါလ်စခိုးက ကျွန်တော်အနှစ်သက်ဆုံး ကစားသမားတစ်ယောက်ပါ။ ဒါပေမဲ့ အကောင်းဆုံး ဆိုတာကြီးကျတော့ ကျွန်တော် ဘယ်လို ခွဲခြားပြရမှာလဲ။ ဘရိုင်ယန် ရော့ဘ်ဆင်နဲ့ ရိုင်ကိန်းလား။ အဲရစ်ကန်တိုနာနဲ့ မှာ့ခ်ဟုခ်လား။ ခရစ္စတီယာနိုရော်နယ်ဒိုနဲ့ ဝိန်းရွန်းနီလား။ ပီတာရှုက်မိုက်ကယ်နဲ့ ဗန်ဒါဆားလား။ တခြားတခြားသော သူတွေလည်း ရှိသေးတယ်။ ကျွန်တော် ဘယ်လို ရွေးချယ်ပြရမှာလဲ။

ကျွန်တော်ကံကောင်းတာ တစ်ခုကတော့ မန်ယူအသင်းရဲ့ ထာဝရအကောင်းဆုံး နည်းပြ ဆာအဲလက်စ်ဖာဂူဆန်ရဲ့ မျက်စိအောက်မှာ ကိုယ့်ကိုယ်ကို တိုးတက်အောင် အချိန်ပြည့် လေ့ကျင့်မှုတွေ ပြုလုပ်ခွင့်ရခဲ့တယ်။ ပြီးတော့ ဘောလုံးအားကစားကို အချိန်ကြာမြင့်စွာ ကစားနိုင်ခွင့်ရစေဖို့ အဓိကသော့ချက်ဖြစ်တဲ့ ဒဏ်ရာပြဿနာတွေကိုလည်း အလွယ်တကူ ကျော်ဖြတ်နိုင်ခဲ့တယ်။ ပြီးတော့ ရည်လျားတဲ့ ကျွန်တော့်ကစားသမား ဘဝတစ်လျှောက်လုံးမှာ တကယ့် ညီအစ်ကိုရင်းခြာတွေလို ခင်မင်ရင်းနှီးရတဲ့ မိတ်ဆွေကောင်းတွေနဲ့ ဆုံတွေ့ခွင့်ရခဲ့တယ်။ တစ်ဦးကိုတစ်ဦး အပြန်အလှန် ကူညီခွင့်တွေလည်း ရခဲ့တယ်။

ခု ကျွန်တော် ဘဝတစ်လျှောက်လုံးမှာ ဖြစ်ပျက်ခဲ့တဲ့ လူစိတ်ဝင်စားလောက်မယ့် အရာတွေကို စုစည်းပြီး ပုံရိပ်တွေနဲ့တကွ ကျွန်တော့်ဘဝအကြောင်းကို ကျွန်တော်ပြောပြဖို့ စိတ်ကူးမိတယ်။ ပုံတစ်ပုံကို ဖျတ်ခနဲ ကြည့်လိုက်ရုံနဲ့ အတိတ်ဟောင်းကို ပြန်သတိရသွားစေနိုင်မယ်ထင်တယ်။ ကျွန်တော့်အထင်တော့ စကားလုံးပေါင်း မြောက်မြားစွာနဲ့ ပြောပြတာထက် ခုလို အတိတ်က ပုံရိပ်ဟောင်းတွေနဲ့ ဖော်ပြလိုက်တော့ ပိုပြီး အမှတ်တရရှိစေမယ်လို့ ထင်ပါတယ်။ ဒီပုံတွေထဲမှာ အားလုံးကို အမှတ်ရစေမှာကတော့ ၂၀၀၈ ခုနှစ်၊ မေဖော်ဝါဒီလမှာ ကစားသွားတဲ့ မန်ချက်စတာ ဒါဘီပွဲစဉ်လို့ ထင်ပါတယ်။ အဲဒီပွဲစဉ်ဟာ မြူးနစ်ဖြစ်ရပ်ဆိုး နှစ် ၅၀ ပြည့် အထိမ်းအမှတ်လည်း ဖြစ်ခဲ့တယ်လေ။ အဲဒီနေ့မှာ ကျွန်တော်တို့အသင်းက လိုဂိုကို ဖြုတ်ထားတဲ့ အထူးထုတ်ဝတ်စုံနဲ့ ဝတ်ဆင်ကစားခဲ့ပါတယ်။

**အိုဘီအီး ရိုင်ယန်ဂစ်**